# အစည်းအဝေးမှတ်တမ်း

ဤမှတ်တမ်းနှင့် ပူးတွဲပါစာကိုယ်သည်''ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(အိုင်အယ်လ်အို) အကြား ၂၀၀၂ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၌ ဂျီနီဗာမြို့တွင် ချုပ်ဆိုသည့် မြန်မာနိုင်ငံတွင် အိုင်အယ်လ်အို ဆက်ဆံရေးအရာရှိတစ်ဦး ခန့်ထားရေးနှင့် သက်ဆိုင်သည့် နားလည်မှုစာချွန်လွှာ''၏ နောက်ဆက်တွဲဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် အိုင်အယ်လ်အိုတို့အကြား ဆက်ဆံရေးအရာရှိမှတစ်ဆင့် ပေးပို့သော အဓမ္မအလုပ်ခိုင်းစေမှု တိုင်ကြားချက် များနှင့် စပ်လျဉ်း၍ ယင်း၏အခန်းကဏ္ဍနှင့် သက်ဆိုင်သည့် သဘောတူညီချက်ကို ထင်ဟပ်စေပါသည်။

အောက်ပါအတိုင်း နားလည်သဘောပေါက်ကြပါသည် –

၁။ စာကိုယ်စာပိုဒ် ၁ ၏ နောက်ဆုံးဝါကျနှင့် စပ်လျဉ်း၍ နားလည်မှု စာချွန်လွှာသည် ဖွဲ့စည်းပုံစည်းမျဉ်းအပိုဒ် ၂၂ တွင် ပါရှိသော အစီရင်ခံ တင်ပြရန် တာဝန်များအပါအဝင် အတည်ပြု လက်မှတ်ရေးထိုး ပြီးသော ကွန်ဗင်းရှင်းများအရ တည်ရှိသော ဖွဲ့စည်းပုံစည်းမျဉ်းဆိုင်ရာ တာဝန်များကို မထိခိုက်နိုင်ပါ။ ထို့ပြင် ယင်းကြောင့် အခွင့်ရကြီးကြပ် ရေး အဖွဲ့များ (ကျွမ်းကျင်သူများ ကော်မတီနှင့် ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၏ ထောက်ခံချက် များကို ကျင့်သုံးရေးကော်မတီ)ကို ထိုကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက် ပေးရန်အတွက် တောင်းဆိုပေးရန် တာဝန်ရှိသည်ဟု ကြိုတင်ဆုံးဖြတ် နိုင်ခြင်း မပြုနိုင်ပါ။

၂။ စာကိုယ်စာပိုဒ် ၄ နှင့် စပ်လျဉ်း၍ အိုင်အယ်လ်အိုသည် စနစ်၏ ရည်ရွယ်ချက်တစ်ရပ်လုံးနှင့် အညီ လည်းကောင်း၊ တိုင်ကြားချက် အပေါ် မြန်မာနိုင်ငံဘက်မှ ဆက်လက် စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် ဤစာပိုဒ်တွင် ပါရှိသော သီးခြားအချက်တို့နှင့်အညီ လည်းကောင်း ဆက်ဆံရေးအရာရှိ၏ ဆန်းစစ်ချက်ကို အလျင် အမြန် ဆောင်ရွက်သင့်သည်ဟု သဘောတူညီသည်။





၃။ ဤနားလည်မှုစာချွန်လွှာ၏ မူရင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား လက်မှတ်ထိုးသည်။ ဤနားလည်မှု စာချွန်လွှာကို အင်္ဂလိပ်ဘာသာမှ အပ အခြားဘာသာတစ်ခုခုသို့ ဘာသာပြန်ဆိုလျှင် အင်္ဂလိပ်ဘာသာ စာမူက လွှမ်းမိုး၍ အတည်ဖြစ်စေရမည်။

၄။ ဤနားလည်မှုစာချွန်လွှာသည် စာချုပ်ဝင်များ၏ အခွင့်ရကိုယ်စားလှယ် များက လက်မှတ်ရေးထိုးသည့်အခါ စတင်အတည်ဖြစ်စေရမည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွက်**

ပုံ

× × × ×

(ညွန့်မောင်ရှိန်)
သံအမတ်ကြီး
အမြဲတမ်းကိုယ်စားလှယ်
ကုလသမဂ္ဂနှင့် ဂျီနီဗာမြို့ရှိ
အခြားအပြည်ပြည်ဆိုင်ရာ
အဖွဲ့အစည်းများဆိုင်ရာ
ပြည်ထောင်စုမြန်မာနိုင်ငံတော်
အမြဲတမ်းကိုယ်စားလှယ်အဖွဲ့

**အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အတွက်**

ပုံ

× × × ×

(ကာရီတာပီအိုလာ)
အမှုဆောင်ညွှန်ကြားရေးမှူး
အလုပ်ခွင်စံချိန်စံညွှန်းများ၊
အခြေခံမူများနှင့်
အခွင့်အရေးများ၊
အပြည်ပြည်ဆိုင်ရာ
အလုပ်သမားရေးရာအဖွဲ့
ဂျီနီဗာ

ဂျီနီဗာမြို့၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။